KHRG Karen Human Rights Group

Documenting the voices of villagers in rural Burma

**News Bulletin**

April 9, 2015 / KHRG #15-6-NB1

# ဖေဖော်ဝါရီလ ၂၀၁၅ ခုနှစ်တွင် ဖာပွန်ခရိုင် လူသောမြို့နယ်ရှိ ရပ်ရွာစောင့်ရှောက်ရေးအဖွဲ့အား တပ်မတော်မှ တိုက်ခိုက်ခြင်းခံရ

*This News Bulletin describes a recent attack that occurred in Lu Thaw Township, Hpapun District in February 2015 by Tatmadaw soldiers against six home guards. As the home guards (a locally organised group charged with protecting civilians) were going to check on a rations convoy sent by the Tatmadaw through KNU controlled area they were ambushed by Tatmadaw soldiers. One home guard was killed at the scene while a second home guard was injured. According to a community member who met with the home guards, the Tatmadaw are only allowed to travel 50 yards away from their vehicle road. This incident occurred 200 yards away from that same road.*[1]

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ တွင် ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူကျေးနယ်ရှိ ဒီးကော်လူ တောင်တန်းပေါ်တွင် ရပ်ရွာစောင့်ရှောက်ရေးအဖွဲ့သားတစ်ဦး ပစ်သတ်ခံခဲ့ရပါသည်။ ပစ်သတ်ခံရသောသူသည် ကရင်ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ပေးရန်အတွက် ရပ်ရွာဒေသခံများမှ ဖွဲ့စည်းထားသော ရပ်ရွာစောင့်ရှောက်ရေး အဖွဲ့မှအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ သူသည် အခြားရပ်ရွာစောင့်ရှောက်ရေး အဖွဲ့ဝင် ငါးဦး နှင့်အတူ KNU ထိန်းချုပ်နယ်မြေအား ဖြတ်၍ရှေ့တန်းရှိ တပ်မတော် စစ်တပ်များဆီသို့ ရိက္ခာ ပို့ဆောင် နေသော တပ်မတော် မော်တော်ယာဉ်များအား သွားရောက် စစ်ဆေးချိန်တွင် စစ်ဦးစီးဌာန အမှတ် ၂၀၊ ခြေမြန် တပ်ရင်း (ခမရ) အမှတ် ၅၈၄၏ တိုက်ခိုက်မှုကို ခံရခြင်း ဖြစ်ပါသည်။

ရပ်ရွာစောင့်ရှောက်ရေး အဖွဲ့သား (၆) ဦးသည် ယာဉ်တန်းအတွက် လုံခြုံရေးယူထားသော မြန်မာ့တပ်မတော်အဖွဲ့မှ နံနက် ၁၀ နာရီ ၁၅ မိနစ် ဝန်းကျင်ခန့်တွင် ပစ်ခတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။ ယာဉ်တန်းသည် KNU ထိန်းချုပ်နယ်မြေ မှ ဖြတ်ကျော်လာပြီး ဖြစ်သောကြောင့် ရပ်ရွာစောင့်ရှောက်ရေးအဖွဲ့ အနေနှင့်မြန်မာ့တပ်မ

[1] This News Bulletin was written by KHRG office staff and is based on information from a community member from Hpa-an District who has been trained by KHRG to monitor local human rights conditions. In order to increase the transparency of KHRG methodology and more directly communicate the experiences and perspectives of villagers in eastern Burma/Myanmar, KHRG aims to make all field information received available on the KHRG website once it has been processed and translated, subject only to security considerations. For additional reports categorised by Type, Issue, Location and Year, please see the Related Readings component following each report on KHRG's redesigned Website.

တော်၏ တိုက်ခိုက်ခြင်း ကိုခံရမည်ဟု ထင်မထားကြောင်း KHRG ၏ ကွင်းဆင်းလုပ်သားဆီမှ သတင်းအရ သိရပါသည်။ မြန်မာ့တပ်မတော်သည် ကားလမ်းမမှ ကိုက် ၅၀ ထက်ကျော်လွန်ပြီး သွားခွင့်မရှိကြောင်းကို မြန်မာ့တပ် မတော် ကိုယ်စားလှယ်အဖွဲ့ နှင့် ကရင့်လွတ်မြောက်ရေးတပ် (KNLA) နှစ်ဖွဲ့စလုံး၏ သဘောတူညီချက်တွင် တရားဝင် ဖော်ပြထားပြီး ဖြစ်ပါသည်။  KNLA စစ်သားများမှ တပ်မတော်အား နားလည်မှုသဘောအားဖြင့် ၎င်းဧရိယာအတွင်း တိုက်ခိုက်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိဘဲ သွားလာခွင့် ပြုထားခြင်း ဖြစ်ပါသည်။ သို့စေကာမူ ရပ်ရွာစောင့်ရှောက်ရေးအဖွဲ့အား တိုက်ခိုက်ခံရသော နေရာသည် ကားလမ်းမ၏ ကိုက်၂၀၀ အကွာတွင် ဖြစ်ပါသည်။

ရပ်ရွာစောင့်ရှောက်ရေးအဖွဲ့သား တစ်ဦးဖြစ်သည့် စော ခ---သည် တိုက်ခိုက်ခံရသည့် နေရာ၌ပင် အသက်ဆုံးရှုံးခဲ့ပါသည်။ သူသည် အသက် ၂၅နှစ် ရှိပြီး ဖာပွန်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူကျေးနယ်ရှိ ဟ--- ရွာတွင် နေထိုင်ပါသည်။ သူ၏ ဇနီးသည်မှာ နော် ဖ--- ဖြစ်ပြီး ယခုအချိန်တွင် ကလေး၄ယောက်နှင့် မုဆိုးမ အဖြစ် ကျန်ခဲ့ရပါသည်။ စော ဒ---သည် တိုက်ခိုက်ခံရမှုတွင် ပါဝင်သော အခြား ရပ်ရွာစောင့်ရှောက်ရေးအဖွဲ့သား တစ်ဦးဖြစ်ပြီး ပစ်ခတ်မှု ဖြစ်ပွားချိန်တွင် ဒဏ်ရာရရှိခဲ့ပါသည်။ သူသည် အသက် ၂၄ နှစ်ရှိပြီး ဖာပွန်ခရိုင်၊ လူသော မြို့နယ်၊ ခေးပူကျေးနယ်ရှိ အ---ရွာတွင် နေထိုင်ပါသည်။ သူ၏ရင်ဘတ်တွင် ကျည်ဆံထိမှန်ပြီး ဘယ်ဘက် လက်မောင်းမှ ကျံထွက်သွားပါသည်။

မြန်မာ့တပ်မတော်သည် KNLA တပ်မှူးအား စားနပ်ရိက္ခာတစ်ခုသာ သယ်ဆောင်မည်ဟု သတင်းပေးခဲ့ပြီး လက်တွေ့တွင်မူ လက်နက်ခဲယမ်းများပါ သယ်ဆောင်နေကြောင်းကို KHRG ကွင်းဆင်းလုပ်သားထံမှ သတင်း အရ သိရှိရပါသည်။ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ဖာပွန်ခရိုင်၊ လူသောမြို့နယ်ရှိ ၎င်းတို့၏ အရှေ့တန်း တပ်စခန်း ဆီသို့ သွားသော ယာဉ်တန်းသည် နေပြည်တော်မှ ပို့လိုက်သော မော်တော်ယာဉ် ၁၂ စီး ပါရှိသည့် ယာဉ်တန်း ဖြစ်ပါသည်။ မော်တော်ယာဉ် ဆယ်စီးမှာ စားနပ်ရိက္ခာ နှင့် လက်နက်ခဲယမ်းများ သယ်ဆောင် လာသလို အခြား မော်တော်ယာဉ်တစ်စီးမှာ လောင်စာဆီသယ်ဆောင်လာပြီး ဘူဒိုဇာတစ်စီးသည်လည်း လမ်းပြုပြင်ရန်အတွက် ယာဉ်တန်းနှင့် အတူ လိုက်ပါလာခဲ့ပါသေးသည်။

Further background reading on the situation in Hpapun District can be found in the following KHRG reports:

- "Hpapun Situation Update: Bu Tho Township, October to November 2014," (April 2015)
- "Tatmadaw artillery fire directed at villagers working on hill field farms in Hpapun District, February 2015," (March 2015)
- "Hpapun Interview: Saw A---, January 2013," (February 2015)
- "Ongoing militarisation of southeastern Burma/Myanmar, since the January 2012 ceasefire agreement between the Karen National Union (KNU) and the Burma/Myanmar government," (February 2015)
- "Hpapun Situation Update: Bu Tho Township, October 2014," (February 2015)